# သခင့်စကား

ဝိညာဉ်ရေးရာစာစောင်

တရားစကားကိုင်း ၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား၏ ဝိညာဉ်တော်သည် ရှေးပရောဖက်တို့ဖြင့် ထားတော်မူသော စကားကိုင်း သူတို့သည် မကြားစေခြင်းငှာ မိမိတို့ နှလုံးကို စိန်ကျောက်ကဲ့သို့ မာစေကြ၏ ။ ဇာခရိ ၇း၁၂

အမှတ်စဉ် (၄၈) ဩဂုတ်လ ၂၀၀၅ ခုနှစ် စမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )


## ယုံကြည်သူတွေ ရင်ထဲက သခင့်စကား



## သခင့်စကား လေးနှစ်ပြည့် အမှတ်တရ - ၁

* **ဆရာဘုတ်** – ဝိညာဉ် အစာတွေ ထဲက တော်တော်ကောင်းတဲ့ ဟင်း တစ်ခွက်။

* **ကိုသားဝယ်** – လစဉ်မှန်မှန် သခင့်စကား ပေါ်ပေါက်လာရေးအတွက် အဖိုးအခ ပါဝင်ပေးဆပ်ကြတဲ့ ညီအစ်ကို မောင်နှမ အယောက်တိုင်း အတွက် ဘုရားသခင် နာမကို ချီးမွမ်းပါတယ်။ လေးစားမိပါတယ်။ ဘုရားရှင် ဆက်လက်ကောင်းကြီး ပေးပါစေ။ မြန်မာခရစ်ယာန် စာပေကဏ္ဍမှာ သခင့်စကား စာစောင်က အရေးကြီးတဲ့ ကဏ္ဍမှာ ပါဝင်တဲ့ စာစောင် တစ်ခုလို့ မြင်ပါတယ်။

* **ကိုအောင်သာရင်** – ဝိညာဉ်ခွန်အား ရနိုင်တဲ့ စာစောင်တွေ အများကြီး ရှိတဲ့အထဲက စင်ကာပူမှာ အရေးပါတဲ့ စာစောင်တစ်ခုပါ။ ပါဝင်ရေးသားတဲ့ သူတွေ အားလုံးကို ဘုရားသခင် ကောင်းကြီးပေးပါစေ။

* **နန်းစင်ဖြူ** – စင်ကာပူနိုင်ငံမှာ နေထိုင်ကြသူ အချင်းချင်း ခွန်အားပေး သက်သေခံ ဝေမျှခြင်းများကို သခင့်စကားမှ တဆင့် လက်ဆင့်ကမ်း ရခြင်း အတွက် ကျေးဇူးတင်ပါတယ်။

* **ညအလင်းအိမ်** – ဘုရားသခင်ရဲ့ ကောင်းမြတ်ခြင်းနဲ့ မေတ္တာကို ကြေငြာတဲ့ ကဏ္ဍလေး တစ်ခုပါ။

* **ဒေးဒေး (အင်းစိန်)** – ဘုရားသခင်ရဲ့ ကျေးဇူးတော် သက်သက်ကြောင့် ဒီသခင့်စကား စာစောင်ဟာ လေးနှစ်တာ ပြည့်မြောက်ခဲ့တဲ့အတွက် ကျေးဇူးတော် ချီးမွမ်းမိပါတယ်။ သခင့်စကားစာစောင် တလတစ်ကြိမ် ထုတ်ဝေတဲ့ အခါတိုင်း ကျွန်တော် လက်လှမ်းမီရာ မယုံကြည်သူ သူငယ်ချင်း အချို့ကို ပေးဖတ်ပါတယ်။ တချို့ စိတ်ဝင်စားတယ်၊ တချို့ စိတ်မဝင်စားဘူး၊ ဘယ်လိုဘဲဖြစ်ဖြစ်ပေါ့ ဒီစာစောင်လေးကနေ သခင်ယေရှုရဲ့ အကြောင်းကို မသိသေးတဲ့သူတွေ သိခွင့်ရတယ်။ သိပြီးသား သူတွေလဲ ပြန်လည် ဆင်ခြင် မိကြ တယ်။ ဒါကြောင့် ဒီစာစောင်ရဲ့ ရည်ရွယ်ချက်က အင်မတန် မွန်မြတ် လှပါတယ်လို့ ပြောချင်ပါတယ်။

* **ကောင်းကင်** – လူရှေ့ သူရှေ့ စကား မပြောတတ်သူ၊ မပြောရဲသော သူများ အတွက် စကားပြောရာ ရင်ဖွင့်ရာ စာစောင်ပါ။

* **ဂျူးဂျူ** – လူတိုင်း အတွက် ဟစ်တိုင် တစ်ခု။

* **ကာရန်** – ဘုရားသခင်နဲ့ လူတွေကြား ၊
ဆက်သွယ်ပေးရာ ပေါင်းကူး တံတား ၊
လေးနှစ် ပြည့်တဲ့ သခင့်စကား ၊
ရယူကြပါ ၊ အလကား ။
ဝေမျှကြပါ မိတ်ဆွေများ ၊
ဝိညာဉ်ခွန်အား ပြည့်စေသား ။

* **ခေါညာခေး** – စာပေအားဖြင့် လူငယ်တွေအတွက် တဘက်တလမ်းက ဝိညာဉ် ခွန်အားကို ပြည့်ဝစေပါတယ်။

* **အကော်စစ်** – လှေခါးထစ် လေးထစ်ကို ရောက်ဖို့ ကျွန်တော်တို့ ခြေလှမ်း လေးဆယ့်ရှစ်လှမ်း လှမ်းခဲ့ရပါတယ်။ သေချာတာကတော့ ခြေတစ်လှမ်း တိုင်းမှာ ဘုရားသခင် ပါရှိတယ် ဆိုတာပါဘဲ။ ခြေလှမ်းတိုင်းအတွက် ဘယ်ခြေ ညာလက်၊ ရင်ခုန်သံ ဆက်ခဲ့တဲ့ စာပေ ရဲဘော်ရဲဘက်တွေရဲ့ အသံ၊ ဘဝင် တိုင်အောင် ညံ ခဲ့ပါပြီ ။

* **မင်းအောင်သက်လွင်** – သခင့်စကား အမှန်ကို ကောင်းကင်ဘုံ ရောက်တဲ့အခါ ကျွန်တော်တို့ နားနဲ့ ဆတ်ဆတ် ကြားရမှာပါ။ အခုလို ကောင်းကင်ဘုံ မရောက်ခင် စပ်ကြားမှာ သခင့်စကားကို သမ္မာကျမ်း တရားအားဖြင့်သော် လည်းကောင်း၊ ယုံကြည်သူတွေရဲ့ သက်သေခံချက်အား ဖြင့် သော်လည်းကောင်း သန့်ရှင်းသောဝိညာဉ်တော်ဘုရားက သွန်သင်နေချိန်မှာ မိတ်ဆွေရေးတာကို ကျွန်တော်က ဖတ်၊ ကျွန်တော် ရေးတာကို မိတ်ဆွေက ဖတ်နဲ့ ခွန်အားတွေ ရလာလိုက်တာ လေးနှစ်တောင် ကြာခဲ့ပေါ့။ အဲဒါ ကျေးဇူးတော် သက်သက်ဘဲ။။

oooooooooooooooooooooooooooooooooooooooooooooo

### သခင့်စကား

သခင့်စကား အလေးထားလို့
**First week** ရောက်တိုင်း တမ်းတတယ် ။
စင်ကာပူရောက် အလုပ်သမား တစ်ယောက်မို့
ပြဿနာခက်ခဲ ရင်ဆိုင်ရလည်း
ခွန်အားစုံလင် **သခင့်စကား** တွင်မို့
အားအင်သစ်တွေရှင်သန်နေ
မုန်တိုင်းလျှင် **Giant Waves** ပင်
ရင်ဆိုင်အင်အား သခင်နှင့် သာမို့
ဆက်ကာဆက်ကာ ရပ်တည်နေမှာ
မပြောင်းမလဲ သခင့်စကား ဘဲ ။

**ရောဓဒ**

oooooooooooooooooooooooooooooooooooooooooooooo

## သခင့်စကား နှင့်ပါတ်သက်၍ –

** ဘုရားရေ ၊ ‘သခင့်စကား’ က ၊ လေးနှစ်ကြီးများတောင် ရှိသွား ပြီ တဲ့လား။ အဲဒီ အာမေဍိတ်ကို စိတ်ထဲမှာဘဲ ရေရွတ်ရင်း ၊ တခဏတော့ ငေးငိုင်သွားမိတယ်။

“ဟုတ်ကဲ့ **Uncle** ၊ ‘သခင့်စကား’ လေးနှစ်မြောက် အထိမ်းအမှတ် စာစောင်မှာ ‘သခင့်စကား’ အပေါ် **Uncle** ရဲ့ ခံစားချက် အတွေး အမြင်လေး ရေးပေးစေချင်လို့ပါ” ဆိုတဲ့ သမီး ရဲ့ အသံကိုတောင် မကြား တချက် ကြားတချက်နဲ့။

အင်း – ရေးတာပေါ့ လို့ အလိုက်သင့်ဖြေရင်း ‘သခင့်စကား’ အတွက် အတွေးကွန်ရက်ကို ဖြန့်ကြက်မိတယ်။

ဤစာစောင်သည် သခင့်စကားစာစောင် ၄၈ ကြိမ်မြောက် ( လေးနှစ်ပြည့် ) အမှတ်တရ-၁ ( အထူးထုတ်) ဖြစ်သည်။ အဘက်ဘက်က ပါဝင်ပေးဆပ်ကြသူ အားလုံးကို ကျေးဇူးတင်ကြောင်းနှင့် ဘုရားသခင် ကောင်းကြီးပေးစေရန် ဆုမွန်ကောင်း တောင်းပါသည်။ ဆက်လက် ပါဝင်ပေးဆပ်ကြပါရန် မေတ္တာဖြင့် ဖိတ်ခေါ်ပါသည်။

၁။ 'သခင့်စကား'ရဲ့ အရွယ်အစား။ **A3** တရွက်ကို ဟိုဖက်ဒီဖက် ပုံနှိပ်ထားတာမို့ **A4 size** ၄ မျက်နှာလို့ ပြောရမှာပေါ့။ မှန်ရာကို ပြောရမယ် ဆိုရင်ဖြင့် ဒီ မလောက်လေး မလောက်စား စာစောင် လေးကို ခံလွန်းလှ ဖလ၊ အလွန်ဆုံး တနစ်ပေါ့လို့ ထင်ခဲ့မိတယ်။ အရွယ်အစားကို ကြည့်ပြီး အထင်မကြီးမိတာကို ဦးစွာပထမ ထုတ်ဖော် ဝန်ခံရင်း တောင်းပန်လိုပါတယ်။ 'အကောင်သာ ငယ်တယ်၊ အတောင်အထွာက ကျယ်တယ်'လို့ လူငယ်တွေကို ပြောခဲ့ဘူးသလို၊ ဒီ ၄ မျက်နှာ စာစောင်လေးဟာ သူ့အိုးသူ့ဆန် တန်အောင်တော့ ဝိညာဉ်ခွန်အား လိုအပ်နေတဲ့ သူတွေ ဝိညာဉ် အစာငတ်မွတ်နေသူတွေကို ဖြည့်ဆည်းပေးနိုင် စွမ်း ရှိခဲ့ပါပေတယ်။ ဖြတ်သန်းလာခဲ့တဲ့ ၄ နှစ်တာ ကာလ အတွင်းမှာ ခက်ခဲ ကြမ်းတမ်းမှုတွေ မလွဲမသွေ ရှိခဲ့မှာဘဲ။ စာရွက် အခက်အခဲ၊ စာမူ အခက်အခဲ၊ ငွေကြေး အခက်အခဲ မှစ၍ပေါ့၊ အားလုံးကို ကြံ့ကြံ့ခံ ကျော်လွှား လွန်မြောက်နိုင်ခဲ့ကြတာမို့ ဘုရားရှင် ဘုန်းတော် ထင်ရှားရာ အဲဒီ ဖွဲလုံ့လ ဝီရိယကိုတော့ တကယ်ဘဲ သိမှတ် ချီးမွမ်းလိုပါတယ်။

၂။ အစကောင်းမှ အနှောင်းသေချာ။ ဒီကနေ့ ကျွန်တော်တို့ မိဿ ဟာယတွေ ဖွဲ့စည်းကြတယ်။ အသင်းတော်ကြီးတွေ တည် ဆောက်ကြတယ်။ စာစောင် မဂ္ဂဇင်းတွေ ထုတ်ဝေကြတယ်။ အမှု တော်မြတ်အတွက် အားကြိုး မာန်တက် လုပ်ဆောင်ကြတယ်။ အစမှာတော့ သိပ်ကောင်းတယ်၊ မွန်မြတ်တဲ့ ရည်ရွယ်ချက်တွေ မြင့်မားနက်ရှိုင်းတဲ့ မြော်မှန်းချက်တွေနဲ့ ဘုရားသခင် ဘုန်းတော် ထင်ရှားဘို့ လုပ်ကြတယ်။ တဖြည်းဖြည်းနဲ့ ကြာလာတဲ့အခါ အဲဒီ သန့်စင်မွန်မြတ်တဲ့ ရည်ရွယ်ချက်တွေ မြော်မှန်းချက်တွေ လုပ် ဆောင်မှုတွေ မှေးမှိန်ပျောက်ကွယ် သွားပြီး လုပ်ထုံးလုပ်နည်း တွေ၊ စည်းမျဉ်းတွေ စံနစ်တွေက ဖုံးလွှမ်းသွားတတ်ပါတယ်။ ဒီ အခါမှာ မိမိတို့ရဲ့ မိဿဟာယတွေ အသင်းတော်တွေ စာစောင် မဂ္ဂဇင်းတွေဟာလဲ ဇာတိပကတိ မြစ်ပြင်ကြောမှာ ရေစုန်မျော တော့တာပါဘဲ။ တချို့ကတော့ ဆက်လက်ကြီးထွားနေပါရဲ့၊ ဒါပေမဲ့ မေတ္တာဖြူစင်ခြင်းတွေ ကင်းမဲ့ပြီး ဂုဏ်ပကာသနတွေနဲ့ ပြည့်နှက်နေတဲ့ လွဲမှားတဲ့သွန်သင်ချက်တွေနဲ့ ပျက်စီးနေတဲ့ အရာ တွေ ဖြစ်လာတယ်။ တချို့ ကတော့ ယိုယွင်းကျဆင်းပြီး ဘုရား သခင်ရဲ့ ဘုန်းတော်ကိုပါ ထိခိုက်စေတဲ့အထိဖြစ်လာတယ်။ သိသာ ထင်ရှားတဲ့ သာဓကလေးအဖြစ် စင်ကာပူ မြို့လယ်က **CHIJMES** လို့ခေါ်တဲ့ **Church** လေးတခုကို သိကြမှာပါ။ အရင်က ဘုန်းတော်ထင်ရှားခဲ့တဲ့ အခြေအနေ လက်စ လက်န တွေကို တွေ့မြင်နိုင်ပါသေးတယ်၊ ဒါပေမဲ့ ဒီနေရာ ဟာ ဘုရား သခင်ကို ဝတ်ပြုကိုးကွယ်တဲ့နေရာ မဟုတ်တော့ဘဲ စီးပွားရေး အတွက် အသုံးချခံ နေရတဲ့ ဘဝရောက်နေပါပြီ၊ ဘီယာဆိုင် အရက်ဆိုင် ကာရာအိုကေ **Night Club** တွေနဲ့ ဝေဝေ ဆာဆာ စည်ကားနေတဲ့ စာတန်ရဲ့ ဌာနချုပ်လို့တောင် ဆိုရမလို ပါဘဲ။

သခင့်စကားကတော့ ဤသို့မဟုတ်ပါ။ စခဲ့တဲ့ ရည် ရွယ်ချက်များအတိုင်း အစဉ်တစိုက်လုပ်ဆောင်နေတာကို တွေ့ မြင်ရလို့ ဝမ်းသာတယ်။ တလမှတကြိမ် အပြင်ထွက်ခွင့်ရတဲ့ ညီ အကို မောင်နှမတွေ၊ စိတ်အားငယ်ပြီး စိုးရိမ်ပူပန်နေတဲ့ ညီမငယ် သမီးငယ်လေးတွေ ၊ 'သခင့်စကား'ကို အားကိုးတကြီးနဲ့ အလု အယက် ဖတ်ရှုနေတာ တွေ့မြင်ရတဲ့အခါတိုင်း အပင်ပန်းခံပြီး လူအား ငွေအား စိုက်ထုတ်လုပ်ဆောင်နေကြတဲ့ ဒီစာစောင်လေး ရဲ့ နောက်ကွယ်က ပုဂ္ဂိုလ်များကို သခင်ဘုရားနည်းတူ သာဓု ခေါ်ပါ တယ်။ သစ္စာရှိသော ငယ်သားကောင်းများ အဖြစ် အဆုံးတိုင် အောင် ရပ်တည်နိုင်ကြပါစေလို့လဲ ဆန္ဒပြုပါတယ်။

၃။ 'သခင့်စကား'ရဲ့ ထူးခြားမှု။ အစွဲအလန်း၊ ချည်နှောင်ခြင်းတွေ ကင်းမဲ့ ဆိတ်သုဉ်းနေတာဟာ ချစ်စရာကောင်းတဲ့ ဂုဏ်အင် လက္ခဏာတခုပါဘဲ။ အမှတ်တမဲ့ဆိုရင်တော့ 'သခင့်စကား'ကို ယုဒသန်နှစ်ခြင်း အသင်းတော်ကဘဲ ဦးစီးထုတ်ဝေနေသလို ထင်ရ တယ်။ မဟုတ်ပါ။ လွန်ခဲ့တဲ့နှစ်များက 'သခင့်စကား'ကို ဘုရား ကျောင်းမှာ ဖြန့်ဝေခွင့်ပြုပါလို့ တောင်းခံဘူးတာကလွဲလို့ 'သခင့် စကား'နဲ့ 'ယုဒသန်'ဟာ ပုံမှန်ဘဲ ဆက်ဆံခဲ့ကြတယ်။

'သခင့်စကား'ကို ယုဒသန်မှာသာ မဟုတ်၊ နေရာတိုင်း လိုလိုမှာ တွေ့ကြရပါလိမ့်မယ်။ မြန်မာခရစ်ယာန်များ ရှိရာအရပ်မှာ 'သခင့်စကား' ရှိပါတယ်။ အသင်းအဖွဲ့ ဂိုဏ်းဂန အယူဝါဒ လူမျိုး စတဲ့ လောကီ အစွဲအလန်းတွေ ချည်နှောင်ခြင်းတွေ ကင်းစင်စွာနဲ့ မျက်ရည်ကျသူကို ကူသုတ်ပေးဖို့၊ ဝမ်းနည်းအားငယ်နေသူကို ထောက်မ အားပေးဖို့၊ 'သခင့်စကား'ကို တဆင့်ပွားပြီး လိုအပ် နေသူတိုင်း ရနိုင်အောင်လို့ အမြဲအသင့်ရှိနေခဲ့ပါတယ်။ ဘုရားရှင် ပေးတဲ့ရူပါရုံကို လူငယ် မဟုတ်တော့တဲ့ လူရွယ်လူလတ်တဦးက သူ့နည်းသူ့ဟန်နဲ့ အကောင်အထည် ဖော်နေခြင်းဘဲ ဖြစ်ပါတယ်။ ခုနေမှာတော့ တယောက်တလက် စုပေါင်းလုပ်ဆောင်နေကြတဲ့ အသိုင်း အဝိုင်းတခုအဖြစ် အသွင် ကူးပြောင်းနေပြီလို့တောင် ထင်ရတယ်။ ဒီလူငယ်တစုအပေါ် ဘုရားသခင်နဲ့ သန့်ရှင်းသော ဝိညာဉ်တော်က လွဲရင် ဘာကမှ လွှမ်းမိုး မသွားပါစေနဲ့လို့လဲ ဆုတောင်း မေတ္တာပို့ပါတယ်။

၄။ **ဘဲအုပ်က တရာ နှစ်ရာ ၊ မဗေဒါက တပင်ထဲ**
**အယက်အကန်ခံလို့ ၊ ဗေဒါပျံ ခံကိုခဲ**
**ပန်းပန်လျက်ဘဲ။ ။**

တချိန်က ဖတ်ခဲ့ဘူးတဲ့ ဆရာဇော်ဂျီရဲ့ "ဗေဒါလမ်း" ကဗျာတွေ ထဲက ဗေဒါပန်းလေးခမျာ တရာနှစ်ရာ မကတဲ့ ဘဲအုပ်ကြီးရဲ့ အယက်အကန်ကို ခံရသော်လဲ ပန်းပန်လျက်ဘဲလို့ အပြုံး မပျက်တမ်း ပြောနိုင်သလို သခင့် ကိုယ်ပွားဖြစ်တဲ့ 'သခင့်စကား' ဟာလဲ ချီးမွမ်းခြင်း ကဲ့ရဲ့ပြစ်တင်ခြင်း စုံစမ်းသွေးဆောင်ခြင်း စတဲ့ လောကရဲ့ အယက်အကန်ကို ဆက်လက်ပြီး ခံရပ်သွားနိုင်ပါစေ။

ငြိမ်သက်အေးချမ်းသော မေတ္တာများစွာဖြင့် – –

မိုးညို

oooooooooooooooooooooooooooooooooooooooooooooo

## ကိုကို၊ ကိုကို မငိုပါနဲ့ -



**အခန်း ၁**

ရုတ်တရက် ရွာချလိုက်သော မိုးစက်မိုးပေါက်များကို အခန်း ပြတင်းပေါက်မှ တဆင့် လှမ်းကြည့်ရင်း ရှယ်လေး ၏ အတွေးများက ဟိုဒီ ဆော့ကစား ပြေးလွှားနေပါသည်။

အင်း – ဘာလိုလိုနဲ့ စင်ကာပူကို ဒုတိယအကြိမ် ပြန်ရောက်တာ တစ်နှစ်တောင် ပြည့်တော့မှာပါလား။ တဆက်တည်းမှာပင် စင်ကာပူ ရောက်မှ ခင်မင်ခဲ့မိသော မြန်မာတိုင်းရင်းသား အစ်ကို တစ်ယောက်ကို

သတိရမိပါသည်။ တစ်ချိန်က လေးစား အားကျခဲ့ရပါသော အစ်ကို တစ်ယောက် ယခုအချိန်တွင် ယခင်ကကဲ့သို့ အရက်သမားဘဝတွင် ကျင်လည် နေဆဲလား၊ အရက်ပြတ် သွားပြီလား ။ မေးခွန်းပေါင်း များစွာဖြင့် အစ်ကို အရက်ပြတ်ဖို့ရန် ဆုတောင်းပေးခဲ့ဖူးသည်ကို ပြန်အောက်မေ့မိရင်း ဆုတောင်းချက် အဖြေကို သိချင်နေမိပါသည်။

**အခန်း ၂**

သူ့ရဲ့ နာမည်က ကိုဂျူးအိမ် နယ်စပ် တောင်ပေါ်ဒေသက သင်းအုပ် ဆရာငယ်တစ်ပါး ဖြစ်သည်။ အသက်က ငယ်ပေမဲ့ ဘုရားသခင်ရဲ့ အသုံးပြုမှု၊ သူ့ရဲ့ပေးဆပ်မှုနဲ့ အရည်အချင်းများကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့် ထက်မြက်သည့် သင်းအုပ်ဆရာတစ်ပါး ဖြစ်ခဲ့သည်။ တေးဂီတ ဘက်တွင် လည်း ဆုကျေးဇူး ရထားသလို လောကီပညာတွင်လဲ ဘွဲ့ရ ပညာတတ် တစ်ယောက် ဖြစ်ခဲ့ပြန်သည်။

ထိုကဲ့သို့ အဘက်ဘက်တွင် ပြည့်စုံသော သင်းအုပ်ဆရာငယ် တစ်ပါးသည် အကြောင်းရင်းတစ်ခုကြောင့် ဘုရားသခင်၏ သာသနာထဲမှ လုံးဝ ထွက်လိုက်ပြီး လောကကြီး၏ သွေးဆောင်မှုထဲတွင် ဘဝကို ရေစုန် မျောရင်း အရက်သမားတစ်ဦး ဖြစ်သွားရခြင်းကို ရှယ်လေး၏ နှလုံးသားမှ တသသ နှမြောနေမိပါလျှင် ကိုဂျူးအိမ်၏ ဖန်ဆင်းရှင် အဖဘုရားသခင်က ပို၍ပို၍ ဝမ်းနည်းနေမှာ အမှန်ပင်။

ယခုတော့ ဘုရားသခင်၏ နိုင်ငံတော်နှင့် လူသားများအတွက် အသုံးဝင်သော အစ်ကိုတစ်ယောက် အရက်သမားဘဝနှင့် ရေစုန်မျောကာ ရှက်လွှင့် နေဆဲပင်။ ဩော် – လေ့ငယ်လေးလဲ ပဲ့ထိန်းမပါဘဲ ဘယ်ဆီတိုင် အောင် ရှက်လွှင့်နေအုံးမှာလဲ။ ပြန်လာပါ လေ့ငယ်လေးရယ်၊ သခင် လက်ကမ်း ကြိုနေဆဲပါ။ သခင်က အခြေအနေကို မကြည့်တတ်ဘူးနော်၊ ရှိတဲ့ နေရာကနေ နောင်တနဲ့ သခင့်ထံ ပြန်လာရုံလေးပါ။ သခင့်မေတ္တာက ဘယ်တော့မှ မပြောင်းလဲဘူး။ လူသားတိုင်းကို အစဉ်အမြဲ ချစ်နေဆဲပါ။

**အခန်း ၃**

စင်ကာပူကို ဒုတိယအကြိမ် ပြန်မလာခင် ရက်တွေက ကိုဂျူးအိမ် ကို ဘုရားသခင်ရဲ့ အမှုတော်ထဲ ပြန်ပါဝင်နိုင်ဖို့ ခွန်အားပေးရန် သူ့ရှိနိုင်မည့် နေရာအနှံ့ မဟုတ်သည့်တိုင် နေရာအတော်များများကို ရှာဖွေမိဘူးသည်။

တစ်နေ့တွင် တိုက်ဆိုင်လွန်းစွာဖြင့် သူငယ်ချင်းတစ်ဦး၏ နေအိမ် တွင် ကိုဂျူးအိမ်ကို ရှယ်လေး တွေ့လိုက်ရသည်။ နှစ်ဦးသား လမ်းထိပ် အအေးဆိုင်တွင် စကားစမြည်ပြောဖြစ်ကြသည်။

"အစ်ကို့ကို ကျွန်မ အရမ်း နှမြောတယ် သိလား၊ ဘုရားသခင် သာဆို ပိုပြီး နှမြောမှာဘဲ၊ ကျွန်မ ငယ်ငယ်တုံးက ကျွန်မတို့ရဲ့ မိတ်သဟာယ အဖွဲ့လေးဆီ အစ်ကိုလာပြီး သီချင်းသင်ပေးတယ်။ ကျမ်းစာလဲ ဝေငှဖူးတယ် အရမ်း ခွန်အားရလို့၊ အဲဒီတုံးက အစ်ကို့ကို ကျွန်မ အရမ်းလေးစားပြီး အားကျတယ် သိလား"

ရှယ်လေး ရဲ့ စကားဆုံးတော့ ကိုဂျူးအိမ်က "အခုရော လေးစား သေးရဲ့လား" လို့ ပြုံးပြုံးလေး ပြန်ပြောလိုက်ပါတယ်။ "အတိတ်က လေးစား ခဲ့ဖူးတဲ့ သူတစ်ယောက်ကို ဘယ်တော့မှ မပြောင်းလဲတဲ့ စိတ်နဲ့ လေးစားနေ အုံးမှာပါ။ ဒါပေမဲ့ လေးစားခံရတဲ့ သူကလဲ လူတွေဆက်ပြီး လေးစားလောက် တဲ့ အရည်အချင်းကို ဆက်ပြီး ထိန်းသိမ်းဖို့တော့ လိုတာပေါ့ရှင်" ကိုဂျူးအိမ် တစ်ယောက် ရှယ်လေး ပြောသမျှကို ဘာမှခွန်းတုံ့မပြန်ဘဲ တိတ်ဆိတ်စွာ နားထောင်နေပါသည်။ "ကိုကို မငိုပါနဲ့ ဆိုတဲ့ ဓမ္မသီချင်းလေး တစ်ပုဒ်ကို အစ်ကို ကြားဖူးလားဟင်" "အင်း – ကြားဖူးတယ်" "အစ်ကိုနဲ့ အရမ်း တိုက်ဆိုင်နေတယ်နော်၊ ပြန်နားထောင် ကြည့်လိုက်ပါအုံး၊ ဘယ်လို အခြေ အနေဘဲဖြစ်ဖြစ်၊ ဘုရားသခင်က လက်ကမ်းကြိုနေလျှက်ပါ အစ်ကို " "ဘုရားသခင်ရဲ့ လက်ထဲက ဘယ်လိုမှပြေးလို့ မလွတ်ဘူးဆိုတာ အစ်ကို သိပါတယ်။ ဒါပေမဲ့ အစ်ကို ဖြစ်ချင်တဲ့ ဆန္ဒလေးတစ်ခုကို အကောင်အထည် ဖော်ပြီးရင် ဘုရားသခင်ဆီ ပြန်လှည့်လာမှာပါကွာ "

ကိုဂျူးအိမ်၏ အဖြစ်ချင်ဆုံးသော ဆန္ဒမှာ အောင်မြင်ကျော်ကြား သော တေးဂီတပညာရှင်တစ်ဦး ဖြစ်သည်။ လက်တွေ့တွင်လဲ တေးဂီတ ဘက်၌ ဘက်စုံ ပါရမီရှိသောသူ ဖြစ်သည်။

"အစ်ကိုရယ် ဘာဘဲဖြစ်ဖြစ် ရှိတဲ့နေရာမှာ ဘုရားသခင်ကို အားကိုးဖို့ မမေ့ပါနဲ့၊ အစ်ကို့ကို ရှယ်လေးက ဆုံးမတာ မဟုတ်ဘူးနော်၊ အစ်ကိုက ကျွန်မထက် နှုတ်ကပတ်တော်နဲ့ ပြည့်ဝတဲ့သူ၊ လူချစ် လူခင်ပေါတဲ့ သင်းအုပ်ဆရာတစ်ပါးပါ၊ ကျွန်မထက် ပိုသိတယ်ဆိုတာ နားလည်ပြီးသားပါ။ ကျွန်မက အစ်ကို သတိရအောင် အသိပေးတာ သက်သက်ပါ" သူဘာမှ ခွန်းတုံ့ မပြန်တော့ပါ၊ ထို့နောက် ရောက်တတ်ရာရာ စကားများ ပြောပြီး လမ်းခွဲ ဖြစ်ခဲ့ကြသည်။

နောက်ပိုင်းတွင် ရှယ်လေးတစ်ယောက် စင်ကာပူကို နောက်တစ် ကြိမ် ပြန်လာရန် ကြိုးစားနေသောကြောင့် ကိုဂျူးအိမ်နှင့် ပြန်မတွေ့ နှုတ်မဆက် ဖြစ်ခဲ့ပါ။

ကိုဂျူးအိမ် နားလည်ပါနော်၊ ရှယ်လေး အချိန် မရှိလို့ နှုတ်မဆက် ဖြစ်တာပါ။ ဒါပေမဲ့ ကိုဂျူးအိမ် အရက်ပြတ်ဖို့ အမြဲဆုတောင်းပေးနေပါတယ်။

**အခန်း ၄**

အားလပ်သော နေ့လည်ခင်း တစ်ခုတွင် တစ်ယောက်တည်း ဗီစီဒီ အခွေများကို ဖွင့်ကြည့်နေမိသည်။ သီချင်းများစွာထဲမှ "ကိုကို ကိုကို မငိုပါနဲ့" ဆိုသော သီချင်းစာသားလေးကို အမှတ်မထင် စိတ်ဝင်စား မိသွားသည်။

**"ဟိုစဉ် ယခင်၊ ဆက်ကပ်စဉ်တုံးက ဘုရားသခင့် သတင်းတော်ကို အဆုံး တိုင်အောင် ဟောပြောသွားမယ် ဆို –**

**ငယ်ရွယ်စဉ်ခါ သင်နှီးကြားစဉ်တုံးက သင့်ရဲ့ ခွန်အားတွေကို ဘုရား သခင်ထံ ဆက်ကပ်ထားတယ်ဆို – ကိုကို ၊ ကိုကို မငိုပါနဲ့ ဘုရားသခင် ရှိတယ်။၊ ကိုကို ၊ ကိုကို မငိုပါနဲ့ ဘုရားသခင် သိတယ်၊ ပျောက်သော သားငယ် နေဝင် ချိန်လေးမှာ အဖဘုရား စောင့်မျှော် ကြိုဆိုနေရစ်မှာ –"**

ဩော် – ကိုဂျူးအိမ် တစ်ယောက် လောကကြီးထဲမှာ ဘယ်လိုများ ဆက် အသက်ရှင်နေပါလိမ့်၊ အဖ ဘုရားသခင်ကတော့ နောင်တနဲ့ ပြန်လာမဲ့ နေ့ကို လက်ကမ်း ကြိုဆိုနေမယ်ဆိုတာ သူသိနေပါလျှက်နဲ့ ဘာကြောင့် ခေါင်းမာနေရတာလဲ၊ ပြန်လာချင်တဲ့ စိတ်တွေရှိပါစေလို့ ရှယ်လေး ဆုတောင်း ပေးလိုက်ပါတယ်၊ ကိုဂျူးအိမ် ။

ဒါ့အပြင် ယခုလက်ရှိ စင်ကာပူတွင် ရှိနေသော ရှယ်လေးရဲ့ အရင်းနှီးဆုံး ကိုးကို တစ်ယောက် လည်း ထိုအရက်ရဲ့ သွေးဆောင်မှုထဲက လွတ်မြောက်ပြီး အဖဘုရားသခင်နှင့် ပြန်လည် မိတ်သဟာယဖွဲ့နိုင်ပါစေလို့ မျက်ရည်ဖြင့် ဆုတောင်းပေးနေမိပါသည်။

"နှလုံးသားလှပြီး စိတ်ထားနူးညံ့ကာ သူတပါးအပေါ် နားလည် စာနာသော ကိုးကို၊ အရက်နဲ့ ဘဝကို အဆုံး မသတ်လိုက်ပါနဲ့နော်။ အရက် ကို အချစ်ဆုံးလို့ ပြောခဲ့ဖူးတယ် ဟုတ် ။ အရက်က ကိုးကိုရဲ့ ဘဝတစ်ခုလုံး ကို 'နိုင်းမြစ်ဒေသ ၊ မြေဟောက်မ' လို့ နာမည်ကြီးတဲ့ ကလီယို ပါထရာ မင်းသမီးလို ဖျက်ဆီး ဝါးမြိုပစ်လိမ့်မယ်နော်။ ဒါ့အပြင် စင်ကာပူကို ရောက်နေတဲ့ အစ်ကိုများ၊ မောင်လေးများနဲ့ ရွယ်တူ သူငယ်ချင်းများ အားလုံးလဲ အရက်၊ ဘီယာ၊ ဖား၊ ငါး စသော သွေးဆောင်ဖြားယောင်းမှုတွေ အားလုံးက လွတ်မြောက်နိုင်ပါစေလို့ ရှယ်လေး ဆုတောင်းပေးနေမိပါတယ်။

မိမိ အမှားကို သိလျှင် အခြေအနေကို မကြည့်ဘဲ ရှိတဲ့နေရာက ခွင့်လွှတ်ပြီး ချစ်တတ်တဲ့ သခင့်ထံ ပြန်လှည့်လာကြပါနော်။ ဘုရားသခင်က တစ်ပါးတည်းသော သားတော် ယေရှုခရစ်ကို စွန့်သည့်တိုင်အောင် သူ ဖန်ဆင်း ထားတဲ့ လောကသား အားလုံးကို ချစ်သော ဘုရားသခင် ဖြစ်ပါတယ်။ နောင်တနဲ့ ပြန်လာသူကို မငြင်းပယ်ဘဲ လက်ကမ်းလင့် လို့ကြိုနေပါတယ်။ "

ထို့အပြင် **The Purpose of Driven Life Book** မှ စာသားလေး ကလည်း ဘုရားသခင်ချစ်သော ယုံ ကြည်သူများကို သတိ ပေးထားပါသည်။

**If you see a man fall into a ditch, God expect you to help him out not say, " I don't have the gift of mercy or services."**

ကိုးကို (သို့) အစ်ကိုများ အားလုံးအတွက် မငိုပါနဲ့ ဘုရားသခင် ရှိတယ်။ ပျောက်သောသိုးငယ် နေဝင်ချိန်လေးမှာ အဖဘုရားသခင်သင့်ကို ကြိုဆိုနေဆဲသာ ... ...


ဘုရားသခင်၏ မေတ္တာနှင့် အနက်ရှိုင်းဆုံးသော သနားခြင်း ကရုဏာ အားဖြင့်

# ဘုရားသခင်သည်ငါ၏ခိုလှုံရာဖြစ်တော်မူ၏

**ရောနေ**

**ငါ့ကို မစခြင်းအကြောင်းသည် ပေါ်ထွက်ရသော တောင်ရိုးသို့ ငါမျှော်ကြည့်၏။ ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသော ထာဝရဘုရား ထံတော်မှ၊ ငါ့ကိုမစခြင်း အကြောင်းသည် ပေါ်ထွက်ရ၏။ ဆာလံ ၁၂၁း၁ –၂**

**Nursing Home** တွင် တာဝန်ထမ်းဆောင်ရသည့် ဝန်ထမ်း တစ်ဦး ဖြစ်သောကြောင့် လိုအပ်ပါက လူနာများကို ဆေးရုံ၊ ဆေးခန်းများသို့ ပုံမှန် ကျန်းမာရေး စစ်ဆေးရန် ဖြစ်စေ၊ အရေးပေါ် လူနာကိုဖြစ်စေ ပို့ပေးရပါသည်။ တခုသော နံနက် တာဝန်ထမ်းဆောင်နေစဉ် အထက်လူကြီးမှ လူနာတဦးအား **Changi Hospital** သို့ပို့ရန် တာဝန်ပေးလာပါ သည်။



လုပ်ငန်းခွင်တွင် လုပ်လက်စ အလုပ် မပြီးပြတ်သေးသဖြင့် အတူ တာဝန်ကျသော သီရိလင်္ကာလူမျိုး တယောက်ကို ဆေးရုံသို့ ပို့ရမည့် လူနာ ကို ပြင်ဆင်ပေးရန် ပြောပြီး လုပ်လက်စ အလုပ်ကို ပြီးပြတ်အောင် လုပ်လိုက်သည်။ လူနာပို့မည့် **Ambulance** အဆင်သင့် ဖြစ်သည်နှင့် လူနာကို **wheel chair** နှင့်တင်ကာ ကားပေါ်သို့တင်ပြီး ဆေးရုံသို့ သွားပါသည်။ လမ်းတွင် သတင်းစာ ဖတ်လျက် လိုက်ပါခဲ့ ပါသည်။ ဆေးရုံသို့ ရောက်သော အခါ ဆရာဝန်နှင့် တွေ့ရမည့် **Special clinic** ကောင်တာတွင် မှတ်ပုံတင်ပြီး **"Q"** နံပါတ်ကို ယူကာ စောင့်နေပါသည်။ အလှည့်ကျသည့် နံပါတ် ပေါ်လာသောအခါ ဆရာဝန်ခန်းအတွင်းသို့ လူနာနှင့် အတူ ဝင်သွားပါသည်။ အခန်းထဲတွင် အသက် ၅၀ကျော် အရွယ် ဆရာဝန်တဦးနှင့် သူနာပြုဆရာမတဦး ရှိနေပါသည်။

ဆရာဝန်သည် လူနာကိုကြည့်လျက် မည်သည့် **Nursing Home** ကလာသနည်းဟု မေးပါသည်။ ဖုန်းနံပါတ်ကိုလည်း တောင်းပါသည်။ ထိုအခါမှ ကျွန်တော် ထိတ်လန့်သွားပါသည်။ ဆရာဝန်က မျက်နှာတည်ကြီးနှင့် ကျွန်တော့်ကို **"**မင်းတို့ **Nursing Home** မှာ လူကြီးတွေကို ဒီလိုဘဲကြည့်သလား။ ကြည့်စမ်း ညစ်ပတ်နေတာဘဲ**"** ဆိုပြီး ကျွန်တော့်တို့ **Home** ကို ဖုန်းဆက်ပါတော့သည်။ ကျွန်တော် ခေါင်းနပန်း ကြီးသွားသည်။ လူနာကို သေသေချာချာ ကြည့်လိုက်မိမှ ဆရာဝန် ပြောသလိုပင် အကျီင်္က ဟောင်းနွမ်းနေသည်။ ကော်ဖီများလည်း စွန်းထင်နေသည်။ ခြေထောက်မှာက ဖိနပ်မပါ။ အိန္ဒိယလူမျိုး ဖြစ်နေပြန်တော့ ပိုလို့ဆိုးနေသည်။ လူနာကို ပြင်ဆင်ပေးဖို့ ခိုင်းလိုက်မိသည့် ကုလားကို စိတ်ထဲမှ အပြစ်တင်မိသည်။ ပြန်စစ်ဆေးဘို့ ပေါ့လျော့ခဲ့သည့် ကျွန်တော့် အမှားက ပိုဆိုးပါသည်။

ဆရာဝန်အား ကြိုးစားပြီး ရှင်းပြတောင်းပန်သော်လည်း မရပါ။ **Home** ဖုန်းနံပါတ်ကိုနှိပ်လျက် ဖုန်းခေါ်ပါတော့သည်။ ဆရာဝန်၏ ဖုန်းပြောသည့် စကားသံကို ကြားရသောအခါ ပို၍တုန်လှုပ်ခဲ့ရသည်။ ကျွန်တော့် **Home** မှလူကြီးသို့ **complain** တက်နေခြင်းဖြစ်သည်။ ဆရာဝန်၏ ပြောစကားများတွင် **"**အခု ငါ့ရှေ့မှာ မင်းတို့ **Home** က လူနာတယောက် ရောက်နေတယ်။ ပုံစံက စုတ်ပြတ်နေတာပဲ။ မင်းတို့ဆီမှာ လူကြီးတွေကို ဒီလိုပဲ ကြည့်သလား။ အခု ငါအသက် ၆၀ ပြည့်တော့မယ်။ ငါ အသက်ကြီးလို့ **Nursing Home** မှာ သွားနေရမယ်ဆိုရင် မင်းတို့လို **Home** မျိုးကို ငါဘယ်လို ရွေးချယ်ရမှာလဲ**"** စသည်ဖြင့် ပြောနေပါသည်။ တဖက်မှ ပြန်မေးသဖြင့် သူ၏နံမည်နှင့် ရာထူးကို ပြန်ဖြေကြားပါသည်။

လူနာကို ကြည့်လိုက် ဖုန်းပြောလိုက်နှင့် ကျွန်တော့်ကို တချက်မျှ မကြည့်ပါ။ ကျွန်တော့် မျက်နှာမှာ ဇီးရွက်ခန့်သာ ရှိနေတော့မည်။ အနီးတွင် ရှိနေသော သူနာပြုဆရာမက ကျွန်တော့်ကို ကရုဏာသက်စွာ ကြည့်နေပါသည်။ ထိုအချိန်တွင် ဖြစ်နိုင်လျှင် ရပ်နေလျက်မှပင် အမှုန့်ဖြစ်ပြီး ပျောက်သွားရင် သိပ်ကောင်းမှာဘဲဟု တမ်းတမိသည်။

ဤပြဿနာသည် သေးသေးမွှားမွှား မဟုတ်မှန်း ကျွန်တော် သိသည်။ ယခုကဲ့သို့ **Home** ကို **complain** တက်နေခြင်းမျိုးကို လူကြီးမှ အရေးယူ အပြစ်ပေးတတ်ပါသည်။ မျက်နှာတည်ပြီး စည်းကမ်း အလွန်တင်းကြပ်သည့် **Nursing Director** ရဲ့မျက်နှာကိုလည်း မြင်ယောင်ပြီး အလွန်ကြောက်နေမိသည်။ ကျွန်တော်၏ ပေါ့ဆမှုကိုလည်း နောင်တ ရမိသည်။ သို့သော် နောက်ကျခဲ့ပေပြီ။

ဆရာဝန်က လူနာ၏ ကျန်းမာရေး အခြေအနေကို စစ်ဆေး ကြည့်ရှုပြီးသောအခါ ကျသင့်ငွေကို ကောင်တာတွင် ရှင်းပြီး လာကြိုမည့် **Ambulance** ကိုဆေးရုံရှေ့တွင် စောင့်နေပါသည်။ စိတ်ထဲတွင်လည်း ဘုရားကို တမ်းတမ်းတတ ဆုတောင်းမိသည်။ ဘုရားသခင် သားကို ကူညီ မစပါ။ **Home** ကို ပြန်ရောက်သည်နှင့် ဆုပူကြိမ်းမောင်းအပြစ်ပေးခံရမှာ ဖြစ်လို့ ကူညီပါ ဘုရားလို့ အိမ်အပြန် လမ်းတစ်လျှောက် ဘုရားသခင်ကို ဖက်ရမ်းတိုးလျှိုး တောင်းပန်ခြင်းကို အကြိမ်ကြိမ် ပြုမိပါသည်။ ကျွန်တော့် တစ်သက်တာတွင် ခုလိုမျိုး တခါမှ ဆုမတောင်းခဲ့ဘူးပါ။ ယခုလို ပြဿနာလည်း တခါမှ မကြုံဘူးခဲ့ပါ။ ကျွန်တော် တုန်လှုပ်လျက် ဆောက်တည်ရာမရ ဖြစ်ခဲ့ရပါသည်။

ကိုယ်က **Senior** အကျဆုံး သူတယောက်ဖြစ် ပြီး နမော်နမဲ့ ဖြစ်ခဲ့သည့် အမှုအတွက် ရှက်သည်က တကြောင်း၊ လူကြီးအတွက် အဆူခံရမည့် အရေးကို တွေးရင်း၊ ဆုတောင်းခြင်းဖြင့် **Home** သို့ပြန်ရောက်လာပါသည်။

ကျွန်တော် ကြိုတင် တွေးထင်ထားသည့် အတိုင်းပင် **Receptionist** ကဆီးကြို၍ **"**မင်းကို **Nursing Director** က တွေ့ချင်တယ်**"** ဟုပြောလာပါသည်။ ချက်ချင်း ရုံးခန်းသို့ ဖုန်းဆက်လိုက်သည့်အခါ တာဝန်ရှိ လူကြီးများ ရောက်လာပါသည်။ လူနာ အိန္ဒိယ ကုလားကိုလည်း ဝိုင်းကြည့်ကြသည်။ ဓါတ်ပုံလည်း ရိုက်သည်။ အကြီးဆုံး ဖြစ်သည့် ဆရာဝန်နှင့် စကားပြောသည့် **Nursing Director** ဆရာမကြီးက စကားတစ်ခွန်း ပြောလိုက်ပါသည်။ ကျွန်တော့်နားကိုပင် ကျွန်တော် မယုံနိုင်အောင် ဖြစ်သွားသည်။ ဆရာမကြီး၏ မျက်နှာတွင် စိတ်ဆိုးရမည့်အစား ပြုံး၍ လူနာကိုကြည့်လျက် **"Not so bad"** တဲ့။ ကျွန်တော့် စိတ်ထဲမှ **"Praise the LORD"** လို့ရေရွတ်ပြီး ထခုန်မတတ် ဝမ်းသာသွားမိပါသည်။

တကယ်ဆို ကျွန်တော့်၏ ပေါ့ဆမှုသည် သူမ၏ သိက္ခာ၊ **Nursing Home** ၏သိက္ခာကိုပါ ထိခိုက်စရာ ဖြစ်ခဲ့ပါသည်။ ဆရာမကြီးသည် အလွန်တည်ကြည်ပြီး၊ စကားနည်းသူ၊ စည်းကမ်းကြီးသူ၊ အပြစ်ရှိလျှင်လည်း ထိရောက်စွာ အပြစ်ပေးတတ်သူ ဖြစ်ပါသည်။ ယခု အဖြစ်အပျက်တွင်မူ တချက်ကလေးမျှမဆူပဲ ပြုံး၍ပင် နေသေးသည်။ ကျွန်တော် မျှော်လင့်ထားသော အခြေအနေနှင့် ဆန့်ကျင်ဘက် ဖြစ်ခဲ့ပါသည်။ **Nursing Officer** ကသာ ကျွန်တော့်ကို အနည်းငယ် ဆူခဲ့ပါ သည်။

ဘုရားသခင်သည် ကျွန်တော့် နှလုံးကြေကွဲလျက် ဆုတောင်းသည့် အသံကို နားညောင်းပြီး ကျွန်တော့်ကို ဤအခက်အခဲ ပြဿနာ ထဲက ကယ်တင်လိုက်ကြောင်း သိရှိခံစားလိုက်ရပါသည်။

**အမှုရောက်သည့် ကာလ၌ ငါ့ကို မဌာနာ မြဲလော့။ ငါသည် ကယ်လွှတ်မည်။ (ဆာလံ ၅၀း၁၅)** ဟူသော ဘုရားသခင်၏ ကတိတော်သည် ကျွန်တော်၌ ပြည့်စုံခဲ့ပါသည်။ ဟာလေလုယ။

ထိမိ၍ လဲခြင်းနှင့် ကင်းလွတ်စေမည်အကြောင်း သင်တို့ကို စောင့်ရှောက်ခြင်း ငှာဂုဏ်၊ အပြစ်မရှိဘဲ ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံလျက် ရှိသော သင်တို့ကို ဘုန်းသရေတော်ရှေ့၌ ဆက်သခြင်းငှာ တတ်နိုင်တော်မူသော သူတည်းဟူသော၊ ငါတို့ကို ကယ်တင်တော်မူသောအရှင်၊ တဆူတည်းသော ဘုရားသခင်သည်၊ ငါတို့ သခင်ယေရှုခရစ်အားဖြင့် ယခုမှစ၍ ကမ္ဘာအဆက်ဆက် ဘုန်းတန်ခိုးအာနုဘော်နှင့် အစွမ်းသတ္တိ အာဏာစက် ရှိတော်မူသတည်း။ အာမင်။

## ထွေထွေ

ooooooooooooooooooooooooooooooooooooooooooooo

# ခေါ်သံကို ကျွန်ုပ် ကြားလျှင်



ရှေးဦးစွာ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်ုပ်ရဲ့ ဘဝအသက်တာမှာ ပြောင်းလဲ ခြင်း များစွာနဲ့ တွေ့ကြုံခံစား ရဖူးပါ တယ်။ ဒါပေမဲ့ သခင့်စကား စာစောင်ကို ဖတ်ရှုမိပြီး ပြောင်းလဲခဲ့ ရခြင်းက တော့ အထူးခြားဆုံးနဲ့ တန်ဖိုး မဖြတ်နိုင် လောက်အောင် ပါဘဲ။ သခင့်စကား စာစောင်နဲ့ မထိတွေ့သေးတဲ့ အချိန်က ကျွန်ုပ်ရဲ့ အကြောင်း ကို အနည်းငယ် ပြော ပြ ချင်ပါတယ်။

ကျွန်ုပ်လည်း လူသားထဲက လူသား ဆိုတော့ ဒေါသ၊ မောဟ၊ လောဘ တွေနဲ့ပေါ့။ သူများ ဝတ်သလို ဝတ်ချင်တယ်။ သူများ ကိုယ်ပိုင်ကား စီးနိုင် သလို ကိုယ်လည်း ကိုယ်ပိုင်ကား စီးချင်တယ်။ တိုက်တာကြီးကြီး နဲ့ ချမ်းချမ်းသာသာ နေချင်တယ်ပေါ့။

ခရစ်ယာန် ဖြစ်ရခြင်းကတော့ မိရိုးဖလာ အော်ရယ်ဂျင်နယ်ပေါ့။ ခရစ်တော်ကို သိလား မေးရင်၊ သိတယ်ပေါ့။ ချစ်ရဲ့လားလို့ မေးလာခဲ့ ရင် လည်း ကိုယ် ကိုးကွယ်တဲ့ ဘုရားဘဲ ချစ်တာပေါ့လို့ ရဲဝံ့စွာနဲ့ဖြေရမှာပေါ့။ အဲ – ဒါပေမဲ့ သူ့ရဲ့စကား၊ ခရစ်တော်ရဲ့ စကားကို နားထောင်ရဲ့လားလို့ မေးလာခဲ့ရင်တော့ အင်း – တစ်ခါ တစ်လေတော့လဲ နားမထောင်မိဘူးပေါ့လို့ ဝန်ခံမိမှာပါ။ ဒီလို ဘုရားသခင်ရဲ့ စကားကို သေသေချာချာ နားမထောင်၊ ကျမ်းစာကို သေသေချာချာ မဖတ်ရှု ခဲ့တဲ့အတွက် မိမိလုပ်မှ မိမိ ရမယ်ဆိုတဲ့ အသိနဲ့ ကြိုးစား လုပ်ဆောင်ခဲ့ရတာ စိတ်ပင်ပန်းစရာတွေ အတော်လေး တွေ့လိုက်ရတယ်။ ဆုံးရှုံးမှုတွေ များစွာနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒီကြားထဲမှာ မမျှော်လင့်ဘဲ အောင်မြင်မှုတစ်ချို့ကို ဆုတောင်းခြင်းအားဖြင့် ရရှိခဲ့ပါတယ်။ ကျေးဇူးတော် ချီးမွမ်းဖို့ကိုတော့ ထုံးစံအတိုင်း မေ့နေခဲ့ပါတယ်။

ဒီလိုနဲ့ လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က သူငယ်ချင်း တစ်ယောက်ဆီက သခင့်စကားပေါင်းချုပ်ကို ငှားဖတ်မိရင်း အဲဒီစာစောင်ထဲမှာ ကျွန်ုပ်လို စင်ကာပူမှာ အလုပ်လာလုပ်တဲ့ ညီအစ်ကို မောင်နှမတွေရဲ့ ကျေးဇူးတော်ချီးမွမ်းခြင်း သက်သေခံချက် စာလေးတွေကို ဖတ်မိရင်း ကျွန်ုပ်အတွက် နောင်တ တရားနဲ့ သခင့်ရဲ့ ခေါ်သံကို ပြန်လည်ကြားမိခဲ့ပါတယ်။ ကျွန်ုပ်ဟာ အသိဉာဏ်မဲ့နေတဲ့ သူတစ်ယောက်လို စားပြီး နားမလည်ချင်ယောင်ဆောင်ပြီး ကျေးဇူးဆပ်ဖို့ ဆိုတာကို မေ့နေခဲ့ပါတယ်။ ဒီအပြစ် အပြင် အခြားသော အပြစ်တွေကိုပါ ပြန်လည်သိမြင်လာပြီး ဘဝအတွက် ကောင်းသော ပြောင်းလဲခြင်းများကို ကျင့်နိုင်ခဲ့ပါတယ်။

အရင်က အားလပ်ရက်တွေမှာ သူငယ်ချင်းတွေစုပြီး သီချင်းတွေဖွင့်၊ စားသောက်၊ အတင်းပြောနဲ့ အချိန်တွေကို ကုန်စေခဲ့ပါတယ်။ အခုဆိုရင် သမ္မာ ကျမ်းစာ ဆွေးနွေးမှုလေးတွေပြုလုပ်ကြပြီး ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းနိုင်ခဲ့ပါတယ်။ အရင်က ရှိခဲ့ဖူးတဲ့ လောဘ၊ ဒေါသ၊ မောဟ တရားတွေနဲ့ ကင်းဝေးပြီး စိတ်ကို အမြဲတမ်း ပျော်ရွှင်အောင် ထားလာနိုင်ခဲ့ပါတယ်။ ဒါဟာ ခရစ်တော်ဟာ ကျွန်ုပ်နဲ့ အတူ ရှိနေလို့ဘဲဖြစ်ပါတယ်။ လုပ်ဆောင်တဲ့ အရာများကိုလဲ ကိုယ်တော်ရှင်ရဲ့ အလိုတော်အတိုင်း ဖြစ်ပါစေလို့ ဆက်ကပ် ဆုတောင်းပြီးမှ လုပ်ဆောင်ခဲ့တဲ့အတွက် အခက်အခဲများနဲ့ တွေ့ကြုံရခြင်း မရှိတော့ပါဘူး။ ဘုရားသခင် မတတ်နိုင်တဲ့ အရာလုံးဝ မရှိဘူး ဆိုတာကိုလဲ နားလည် မိခဲ့ပါတယ်။

အခုဆိုရင် ကိုယ်တော်ရှင်ရဲ့ ကျေးဇူးတော်ကြောင့် ကျွန်ုပ်တို့ ညီအစ်မ ငါးယောက် စင်ကာပူနိုင်ငံမှာ ကောင်းမွန်စွာနဲ့ အလုပ်လုပ်ကိုင်ခွင့် ရနေခဲ့ ပါပြီ။ မြန်မာပြည်မှာ ကျန်ရစ် ခဲ့တဲ့ မိဘဆွေမျိုး များဟာလည်း ကျန်းကျန်း မာမာနဲ့ အဆင်ပြေပြေ နေထိုင် နိုင်ခဲ့ကြ ပါတယ်။ အရင်တုံးက ဆိုရင် ကျမ်းစာကို တော်ရုံတန်ရုံ မဖတ်ဖြစ်ပါဘူး။ အခုဆိုရင် နေ့စဉ်နေ့တိုင်း ဖတ် တဲ့အတွက် ဝိညာဉ် ခွန်အား၊ ကာယ ခွန်အား စိတ္တခွန်အားတွေ အရင်ကထက် ပွားများခဲ့ပါတယ်။ အရင် တုံးက တိုက်ကြီး တာကြီးနဲ့ နေချင်ခဲ့ ပေမဲ့ **"ယာယီသဲ ဖြစ်သော ငါတို့မြေအိမ်သည် ပျက်လျှင် ကောင်းကင်ဘုံ၌ လူလက်ဖြင့် မလုပ်ဘဲ ဘုရားသခင် ဖန် ဆင်းတော် မူသော နိစ္စထာဝရ အိမ်ရှိကြောင်းကို ငါတို့ သိကြ၏။ ၂ကော ၅း၁"** လို့ဆိုတဲ့ ကျမ်းပိုဒ်အရ ကျွန်ုပ် တို့ရဲ့ ပိုင်ဆိုင်မှုဟာ ဒီလောက အတွက် ခေတ္တခဏသာ ဖြစ်ကြောင်း နားလည်ခဲ့ရပါ တယ်။

ဘုရားသခင်ဟာ ကျွန်ုပ်တို့ရဲ့ အပြင်ပိုင်း ပိုင်ဆိုင်မှု တွေကို နောက်ဆုံး သော နေ့မှာ စစ်ဆေးပြီး အမှတ်ပေးမှာ မဟုတ်ပါဘူး၊ ကျွန်ုပ်တို့ရဲ့ ကောင်းမွန်တဲ့ နှလုံးသား ကိုဘဲ စစ်ဆေးမှာ ဖြစ်တယ် ဆိုတာ နားလည်ခဲ့ရပါတယ်။ ဒါ့ကြောင့် ညီအစ်ကို မောင်နှမ တွေကို လောဘဘက်၊ လောကရမက် မီးနောက်ကို မလိုက်မိကြဘဲ၊ ယနေ့ ကျွန်ုပ်တို့ကို ဘုရားသခင် ဘာဖြစ်စေချင်သလဲ၊ ဘာတွေကို သမ္မာကျမ်းစာအားဖြင့် ပြောနေသလဲ ဆိုတာတွေကို သေချာနားထောင် ကြ စေလို ပါတယ်။ နောက်ပြီး စားပြီး နားမလည် ဖြစ်ယောင်ဆောင် တဲ့သူ ကျေးဇူးတော်ချီးမွမ်းဖို့ မေ့နေတဲ့သူတွေ မဖြစ်ကြဖို့။ ကျွန်ုပ်နဲ့အတူ မိမိ တို့လျှောက်လှမ်းနေတဲ့ အသက်တာများဟာ ကိုယ်တော် ရှင်ရဲ့ လိုအင်နဲ့ တူညီမှုရှိရဲ့လားဆိုတာ ပြန်လည်ဆန်းစစ်ကြရင်းနဲ့ ကိုယ် တော်ရဲ့ ခေါ်သံကို နားစွင့်ကြပါစို့လား။

သခင့်စကား စာစောင် ထုတ်ဝေသူနှင့် ရေးသားကြသော ညီအစ်ကို မောင်နှမများ၊ အဘက်ဘက်မှ ပါဝင်အားဖြည့်ပေးသောသူများ အားလုံးအပေါ်သို့ ဘုရားသခင်ရဲ့ ကောင်းကြီးမင်္ဂလာ အစဉ်အမြဲ သက်ရောက်ပါစေလို့ဆုတောင်းပေးရင်း ... ... ...

ခရစ်တော်၏ချစ်ခြင်း၌ –

**မေဌှုန်**

# ဆရာမ ဆားတဲ့ "ဆေး"

လူနာ တစ်စု သူနာပြုဖို့
စာတွေ ကျွန်မ ကျက်ခဲ့တယ် ။
　　တစ်တော ဝင်ကာ တစ်တောင် တက်လို့
　　တောရွာ ကျေးလက် နှံ့ခဲ့တယ် ။
မြို့ပြ ကျော်လွှား နိုင်ငံခြားလဲ
သူနာပြုဖို့ ရောက်ခဲ့တယ် ။
　　မိုးချုပ် နေဝင် အိပ်ယာဝင်တိုင်

မနေမနား အလုပ်များလည်း
သူနာပြုစိတ်ထား နှလုံးသားမှ တဖွားဖွားပေါ်
အကြင် လူသား ခန္ဓစ်ရက်သားအား
မောင်ဖွားမိဘ သွေးရင်းခသို့
ပြုစုကာကွယ် ချစ်ခဲ့တယ် ၊
ဖြူစင် စိတ်ထား နှလုံးသားမှ
ကျောက်သား ခက်နွယ်
အမြစ်တွယ်ခဲ့ ။



တစ်ကြိမ်တစ်ခါ ကျွန်မ မှာမူ
ရင်ဖိုမောလိုက် ၊ ခေါင်းက ကိုက်
ပူထူ နာမကျန်း လူမှန်း မသိ
အပူလှိုင်းမိသော် –
ဘယ်သူကူလို့ ထွေးပွေ့မယ်
အဲသည်အချိန်များ ကျွန်မ အနားဝယ်
ပြုစုသူနည်း တစ်ယောက်ထဲမို့
စိတ်အားတွေတောင် ငယ်မိတယ် ။
သိပ္ပ ဉာဏ်ကူ ၊ အတတ်ယူလို့
ရောဂါကုထုံး ၊ ကျွန်မ မသုံးခဲ့ ။
ဖန်ဆင်းသခင် ကိုယ်တော်ရှင်အား
ဆက်ကပ် ဝေဒနာ ကုထုံး သာလျှင်
ဆေးဖက် ဝင်သမို့ ကြိမ်ဖန် တောင်းဆု ကျွန်မ ပြုခဲ့ ။
ကိုယ်တော့် ချစ်သမီး အပြစ်မီးတို့ ဝန်ချတောင်းပန်
အခုတော့ ကျွန်မ ကောင်းသွားပြန်ပေ့ါ ။
သို့သော်–
တစ်ကြိမ်တစ်ခါ ၊ စိတ်က နာသမို့
လူနာတွေ့လျှင် ရင်မှာမချိ
စိတ်တိုတိုနှင့် ၊ ကိုင် ဆောင့်ချင်မိ ၊
ကိုယ်တော် ရှင်ဘုရား ၊ ခွင့်လွှတ်နော်။ ॥

**Jနူး** (၁၄–၀၆–၀၅ )

**( ဩဂုတ်လတွင် ကျရောက်သော သူနာပြုများနေ့ အမှတ်တရ ကဗျာ။ )**

ooooooooooooooooooooooooooooooooooooooo

# ခွန့်ပစ်မထား

လောက ခရီး သာယာမှု ကင်းမဲ့
အလင်းရောင် ပိန်းပိတ်မှောင်မိုက်
ဒုက္ခအတိ ဆင်းရဲ
မမြင်မှောင်ကမ်း စမ်းတဝါးဝါးနဲ့
ငါ့ဘဝ အနာဂတ်ခရီးလမ်း ပျောက်ပြီ။
ချစ်သူ ခင်သူများကို နွယ်ကြိုးမျှင်လို
တမ်းတရှာဖွေ အားကိုးသော်လည်း
ပျောက်ဆုံးသွားပြီ ။
ငါ့အိမ် ၊ ငါ့ ယာ ၊ ငါ့ ဥစ္စာ၊ ငါ့ ချစ်သူ . . .
ယောဘလို –
ထာဝရဘုရား ပေးတော်မူ၏။
ထာဝရဘုရားလည်း ရုပ်သိမ်းတော်မူ၏။
ထာဝရဘုရား၏ နာမတော်သည် မင်္ဂလာရှိပါစေသတည်းဟု
ငါ့မှာ အော်ဟစ်ချီးမွမ်းဖို့ ခွန်အား မရှိတော့ပါလား။
ဟဗက္ကုတ်လို . . . .
သင်္ဘောသဖန်းပင် မပွင့်ရ၊ စပျစ်ပင် မသီးရ၊
သံလွင်ပင်၏ ကျေးဇူးကို မြော်လင့်၍ မခံရ၊
လယ်တို့သည် အသီးအနှံကို မပေးရ၊
သိုးခြံ၌ သိုးကုန်၍ တင်းကုပ်၌ နွား မရှိရ။
သို့သော်လည်း၊ ထာဝရဘုရား၌ ငါဝမ်းမြောက်၍၊
ငါ့ကိုကယ်တင်တော်မူသော
ဘုရားသခင်ကို အမှီပြုလျက် ရွှင်လန်းမည်လို့ –
ငါ့ မှာအော်ဟစ် ချီးမွမ်းဖို့ ခွန်အား မရှိတော့ပါလား။
ထိုစဉ် မိန့်ကြား ဘုရား စကားသံ
ကြားရ ခဏ၊ ဆင်ခြင်မိ၍၊ ကျွန်ုပ်ဘဝ၊
ရေထိပန်းလို လန်းဆန်း၊
ပွင့်လန်း လှပမွှေးကြိုင်
မြင်သူတကာ ခွန်အားရ၏ . .. ငါ့ ဘဝ။

**ကျူး**

▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪

# ဘုရားစကားသံများ

ခံစားရ ဘဝခက်ခဲ ဆင်းရဲမှုများကို ဘုရားသခင်နှင့် ပွင့်လင်းစွာ ရင်ဖွင့် တိုင်ပင် ပြောဆိုပါ။

မပြောင်းမလဲ အမြဲတည်ရှိနေသော ဘုရားသခင်ကိုသာ အစဉ်အမြဲ အားကိုး ခိုလှုံပါ။

– ဘုရားသခင်ကို စိတ်ချယုံကြည်ပါ၊ သူ့ရဲ့ ကတိတော်များကို အဆုံး တိုင်အောင် ဖြည့်ဆည်းပေးမယ် ဆိုတာ သေချာပါတယ်။

– အစဉ်အမြဲ ဘုရားသခင်သည် ကိုယ့်အတွက် အကောင်းဆုံး သော အရာများကိုသာ ပေးခဲ့ပြီဆိုတာ ဆင်ခြင်အောက်မေ့ သတိရပါ။ **ကျူး**

▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪▪

# သခင့်စကား ရင်ဝယ်ကြားနိုင်ပါစေ



**ရောမဩဝါဒစာ ၃း၁၂**

**ကောင်းသောအကျင့်ကို ကျင့်သောသူ တစ်ယောက်မျှ မရှိ ။**

**ဗျာဒိတ်ကျမ်း ၂း၇**

**နားရှိသောသူ မည်သည့်စကား ကြားပါစေ။**

ယနေ့ ခရစ်ယာန်ဆိုပြီး အသက်ရှင်ကြတဲ့လူသားတွေ ခရစ်တော်ရဲ့ လမ်း၊ သမ္မာတရားရဲ့ လမ်းကို လိုက်လျှောက်ကြရဲ့ လား။

– ပါးစပ်က ဘုရားဘုရား၊ လက်က ကားယားကားယားနဲ့ လူပုံကြည့်ရင် ဘုရားဒကာ ၊ လုပ်ပစ်လိုက်တာက ပရမ်းပတာ။

– ကျမ်းစာအုပ်လက်မှာ ပိုက်ရင်း ၊ ခွက်ပုန်း နှံ့တတ်တဲ့ လူသား တွေ။

– ငွေကြေးနဲ့ ဖုံးကွယ်ပြီး အနှစ်မပါတဲ့ အချစ်စကား ပြောတတ်တဲ့ သူတွေ။

– ကွန်ပျူတာ ဦးနှောက်နဲ့ အပျော်ကြံ ကြီးမိုက်တဲ့သူတွေ။

– ဘုရားရှေ့ လူရှေ့ သစ္စာပြုပြီး မသိမသာ တဏှာ ကျူးလွန် သစ္စာပျက်တဲ့ သူတွေ ။

– အုတ်ရောရောရော၊ ကျောက်ရောရောနဲ့ ‘လစ်ဖင်းတူဂဲသား’ နေကြတဲ့ သူတွေ ။

– အပြစ်သား လူသားတို့တစ်တွေဟာ ရတာမလို လိုတာ မရတိုင်း ဘုရားရှင်ကို ပြစ်တင်ဝေဖန်နေတာလား။

– တကယ်လို့များ ဘုရားရှင်က ပြန်ပြီး အပြစ်မြင်ခဲ့ရင် တို့လူသားတွေ ဘယ်လို စောဒကတက်ကြအုံးမှာလဲ။

ဆရာကြီး ဒီအယ်လ်မူးဒီ ရဲ့ စာသားလေးနဲ့ ခွန်အားပေး လိုက်ပါတယ်။

နှလုံးသား တစ်ခုလုံးမှာ ပိုင်ဆိုင်မှု မရသွားခဲ့ရင်လဲ အသည်းထောင့် တစ်နေရာလေးမှာ နေရာပေးတတ်သောသူများ ဖြစ်နိုင်ပါစေ။

- ငါ့ကို သခင်လို့ခေါ်ပြီး ဘာလို့ ငါ့စကားကို နား မထောင်တာလဲ။
- ငါ့ကို အလင်းရှင်လို့ပြောပြီး ဘာလို့ ဒီအလင်းထဲမှာ သင် မရှိတာလဲ။
- ငါဟာ သင့်ရဲ့ လမ်းခရီးလို့ဆိုပြီး ဘာလို့ ငါ့လမ်းအတိုင်း သင် မလျှောက် ခဲ့တာလဲ။
- ငါ့ကို အသက်ရဲ့ သခင်လို့ခေါ်ဝေါ်ပြီး၊ ဘာလို့ ငါနဲ့ အတူ အသက် မရှင်တာလဲ။
- ငါ့ကို မဟာပညာရှိလို့ ချီးမွမ်းပြီး ဘာလို့ ငါ့ ပညာလမ်း ကို မသင်ယူ ခဲ့တာလဲ။
- ငါ့ကို သန့်ရှင်းကြည်လင် လှပတယ်လို့ ထောမနာပြုပြီး ဘာလို့ ငါ့ကို မချစ်တာလဲ။
- ငါဟာ သင့်အတွက် ကြွယ်ဝချမ်းသာတဲ့သူလို့ ဂုဏ်ပြုပြီး ဘာလို့ ငါ့ဆီက သင် မတောင်းခံ ခဲ့တာလဲ။
- ငါဟာ ထာဝရ အသက်ပေးပိုင်ရှင်လို့ သင် ချီးမွမ်း ထောမနာ ပြုရင်း ဘာလို့ ငါ့ကို မရှာခဲ့တာလဲ။
- ငါက သင့်ကို တစ်ခုဘဲ တောင်းဆိုချင်တယ်။ သင် ငါ့ကို အပြစ် မတင်လိုက်ပါနဲ့။

ဒီအယ်လ်မူးဒီ

( မည်သူ့ကိုမှ မရည်ရွယ်ပါ။ မိမိစိတ် ခံစားချက်သာ ဖြစ်ပါသည်။)

**မလေးဂျူလိုင်**

oooooooooooooooooooooooooooooooooooooooo

## စင်ကာပူရောက် မာသာထရီဇာ တစ်ယောက်အကြောင်း

အဲဒီလူပေါ့ –
အလုပ်တစ်ဘက် မအားလပ်တဲ့ အချိန်တွေနဲ့
လစဉ် ပုံမှန် မပျက် မကွက်
ကလောင် စာမူ အလှူဒါန
မူဝါဒ ကတော့ဖြင့်
"အဓိက ကတော့ဗျာ ကျွန်တော့်ရဲ့ ဝါသနာနဲ့ စေတနာဘဲ" တဲ့ ၊
သူအမြဲ သုံးတဲ့ စကား ၊ လေးစားပါတယ် မိတ်ဆွေ ။

စင်ကာပူနိုင်ငံမှာ –
"လူတိုင်း ကိုယ်စီ အချိန်ကို လာရောင်းစားကြတာဘဲ"
အားလုံး သိတဲ့ အဖြစ်အပျက်
ထပ်ကြွားစရာလဲ မလိုတော့ဘူး။
ဝါသနာကို အခြေပြုပြီး
စာမူကြမ်းတွေနဲ့ အိပ်ရေးပျက်တဲ့ ညတွေမှာ
ကဗျာလေးတွေ ဖြစ်သွားတော့
သူ့ရဲ့ စာစောင်မှာ ဘာသာ မတူတဲ့
ကျုပ်ရဲ့ ကဗျာပုဒ်တွေကို
"ငါကြိုက်လို့ပါကွာ" ဆိုပြီး
ကလောင် သွေးခွင့် ပြုခဲ့တယ်။

အဲဒီ လူ ပေါ့ –
ကောင်းကင်ဘုံကို တမ်းခြင်းများစွာနဲ့
အမှန်နဲ့ အမှား သဏ္ဍာန်တွေနဲ့ ပြည့်ညှပ်နေတဲ့
မိတ်ဆွေတွေ အတွက်
လစဉ်ပုံမှန် ကလောင်စာမူ အလှူဒါန
ကျုပ်အမြင် ပြောရရင်တော့
စင်ကာပူရောက် မာသာထရီဇာ တစ်ယောက် ကောက်ရသလိုမျိုး ... ။

**( သက်ထားချို )**

( ကျွန်တော်၏ ကဗျာများကို ကလောင်သွေးခွင့် ပြုခဲ့သော **သခင့်စကား** လေးနှစ်ပြည့် အမှတ်တရ။ )

------------------------------------------------

## ရောင်ပြန်တဲ့ပုံရိပ်များ



ကျွန်တော့်ဆီမှာ ပျက်လိုက်ပြင်လိုက်နဲ့ အစဉ်ကရစိုက်နေရတဲ့ စီးတော်ယာဉ် ကားလေးတစ်စီး ရှိပါတယ်။ ကျွန်တော်နေတဲ့ မြို့လေးက ကားမရှိရင် ခရီး မတွင်တာကြောင့် လူတိုင်းလိုလို အားကိုးစရာ ကိုယ်ပိုင် အမြန်ယာဉ် ရှိပါတယ်။ ကျွန်တော့်မှာလဲ ဒီစီးတော်ယာဉ်နဲ့ဘဲ ကျောင်းတက်ရင်း တစ်ဘက်ကလဲ အချိန်ပိုင်း အလုပ်များရှိရာကို ပြေး ရပါတယ်။ တစ်နေ့ ကျွန် တော် **Pizza Hut** မှာ မုန့်ပို့တဲ့ အလုပ်ကို ရခဲ့ပါတယ်။ များသောအားဖြင့် ဆိုင်က မော် တော် ဆိုင်ကယ်နဲ့ဘဲ လိုက်ပို့ကြရပါတယ်။ ဆိုင်ကယ်နဲ့ ပို့ရသူ တစ် ချို့ဟာ **Pizza** ပို့ပြီး အပြန်မှာ ဆိုင်ကယ် ပေါ်က တွန်းချခံရပြီး ပိုက်ဆံ အလုခံရတာမျိုး မကြာ ခန ဆိုသလို ကြုံတွေ့ရင်ဆိုင်
ကြရပါတယ်။ ကျေးဇူးတော် ချီးမွမ်းစရာက ကျွန်တော့်မှာ စီးတော်ယာဉ် ကားလေးရှိတာကြောင့် ဆိုင်ရှင်က ဓါတ်ဆီဖိုးပေးမယ်။ မင်းကားနဲ့ဘဲ ပို့ပါဆိုတာနဲ့ ကျွန်တော့်ရဲ့ မုန့်ပို့တဲ့ အလုပ် စရခဲ့ပ ါတယ်။

ကျောင်းအားရက်နဲ့ ကျောင်းပြီးတဲ့ ညနေတိုင်း ကျွန်တော် **Pizza Hut** ပို့ဖြစ်ခဲ့ပါတယ်။ အော်ဒါရတဲ့ လိပ်စာတွေယူပြီး တစ်နေရာဝင် တစ်နေရာထွက် မြို့ထဲမှာ ကျွန်တော် မသိတဲ့လမ်း မရှိသလောက် ဖြစ်ခဲ့တယ်။ တစ်နေ့တော့ လိပ်စာအတိုင်း အော်ဒါမှာထားတဲ့ မုန့်ဗူး ကိုကိုင်ပြီး တံခါးရှေ့က ဘဲလ်ကို နှိပ်လိုက်ပါတယ်။ အသက်၄၀ ဝန်းကျင် အမျိုးသမီး တစ်ယောက် ရေချိုးခန်းထဲက မလုံ့တလုံ အဝတ်အစားနဲ့ ထွက်လာပါတယ်။ ကျသင့်ငွေ ရှင်းပေးနေချိန်မှာ မလိုအပ်ဘဲ မကြာကြာအောင် ဟန်ရေးပြပြီး ပိုက်ဆံအိတ်ထဲက ငွေ နှိုက်ယူနေတာကို စိတ်ရှည်သည်းခံ စောင့်ရပါသေးတယ်။ ငွေရှင်းပြီးသွားတော့ အဲဒီမိန်းမက ကျွန်တော့်ကို "မင်းအသက် ဘယ်လောက်လဲ ၊ သိပ်ချစ်ဖို့ ကောင်းတာဘဲ"လို့ ရိသဲ့သဲ့နဲ့ မျက်စပစ်ပြီး အပိုဆု ပေးပါတယ်။ ကျွန်တော်လဲ ပိုက်ဆံယူပြီး မြန်မြန် ပြေးဆင်းလာခဲ့ပါတယ်။ စိတ်ထဲမှာတော့ ပေါတိဖာ မိန်းမရဲ့ မြူဆွယ်မှု အောက်က ထွက်ပြေးခဲ့တဲ့ ယောသပ်ကို ပြေး မြင်ယောင်လိုက်မိပါတယ်။

**( သို့ဖြစ်လျှင် အပြစ်ကြီးသော ဤအမှုကို ကျွန်တော်ပြု၍ ဘုရားသခင်ကို အဘယ်သို့ ပြစ်မှားနိုင်သနည်းဟု သခင်၏ မယားကို ငြင်း၍ ပြန်ဆို၏။ ကမ္ဘာဦး ၃၉း၉ )**

တစ်နေ့ ကျွန်တော် မုန့်ပိုဖို့အတွက် ခြံဝင်းလေးထဲက အိမ်လေး တစ်အိမ်ကို သွားခဲ့ရပါတယ်။ သပ်ရပ်တဲ့ အိမ်ဘေးပတ်လည်မှာ စိမ်းစို နေတဲ့ မြက်ခင်း၊ ပန်းပင်များနဲ့ စိတ်ချမ်းမြေ့စရာပါ။ ခြံအရှေ့က ဘဲလ်ကို နှိပ်ပေမဲ့ ဘယ်သူမှ ထွက်လာတာမတွေ့လို့ ကျွန်တော် ခြံထဲကို ဝင်လိုက်တဲ့ အခါမှာ ထောင်ထောင်မောင်းမောင်း ယောကျ်ားကြီး နှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက်ဖက်ပြီး သမီးရည်းစားလို ကလူကျီစယ် ဖက်နမ်းနေကြတာကို တွေ့လိုက်ရပါတယ်။ ကျွန်တော် အိမ်ရှေ့ဘက်ကို ပြန်ထွက်လာပြီး ဘဲလ်ကို ထပ်နှိပ်မှ လူကြီးတစ်ယောက် ထွက်လာပြီး **Pizza** လာယူပါတယ်။ ကျွန်တော်လဲ ကျသင့်ငွေကို မြန်မြန်ယူပြီး ခြံဝင်းထဲကနေ ပြေးထွက်လာခဲ့ပါတယ်။ စိတ်ထဲမှာတော့ သောဒုံနဲ့ ဂေါမောရမြို့ကိုသာ မြင်ယောင်နေမိပါတော့တယ်။

နောက်တစ်နေ့မှာတော့ မြို့လည်ကောင်က နေရာတစ်ခုကို **Pizza** ပို့ဖို့ ရောက်သွားခဲ့ပါတယ်၊ မြို့လည်က ချောင်ကျတဲ့ အဆောက်အအုံ ကြီးပေါ်က အခန်းထဲမှာ ခေတ်ဆန်ဆန် အဝတ်အစား တွေဝတ်ထားတဲ့ မိန်းမပျိုတွေဟာ ဘီယာသောက်သူ သောက် ဆေးလိပ်ဖွာသူ ဖွာ၊ ဆေးဆိုးပန်းရိုက် မျက်နှာ ၊ ညတုတု အပြုံးပိုင်ရှင်များဟာ ကျွန်တော့်ကို ဝါးစား မတတ် ဝိုင်းအုံကြည့်ကြပါတယ်။ သူတို့အမြင်မှာ ချစ်စရာကောင်းတဲ့ ကျွန်တော့်ကို အခမဲ့ ဝန်ဆောင်မှု ပေးချင်ကြောင်း ကမ်းလှမ်းလာလို့ ကျွန်တော် အမြန်ဆုံး ပြေးထွက်လာခဲ့ရပါတယ်။ စိတ်ထဲမှာတော့ သုတ္တံကျမ်းစကားတွေကိုသာ မြင်ယောင်နေမိပါတော့တယ်။

**( အကြောင်းမူကား အမျိုးပျက်သော မိန်းမ၏ နှုတ်ခမ်းသည် ပျားလပို့ကဲ့သို့ ယိုတတ်သော်လဲ သူပြောသော စကားသည် ဘင်းခါးရွက်ကဲ့သို့ ခါး၍ သန်လျက်နှင့် အမျှထက်၏။ သူ၏ ခြေတို့သည် သေခြင်းသို့ ဆင်း၍ သူသွားရာလမ်းသည် မရဏာ နိုင်ငံသို့ ရောက်တတ်၏။ သုတ္တံကျမ်း ၅း၃ )**

ကျွန်တော့်ရဲ့ ဘဝထဲကို အမှတ်မထင် ချည်းနင်း ဝင်ရောက်လာတဲ့ အပြစ်တရား သွေးဆောင်မှုတွေကို သမ္မာကျမ်းထဲက ရောင်ပြန် ပုံရိပ်များ ဖြစ်တဲ့ သမ္မာတရား သခင့်စကားနဲ့ သတိထားဆင်ခြင်၍ ရှောင်ကွင်းသွားဖို့ သက်သေခံ ဝေမျှလိုက်ပါတယ်။

**ဘုန်းသက်**

# ငှါမောင်အတွက်ကဗျာတစ်ပုဒ်

ဒီမှာ ငှါမောင် ၊ မင်း သိစေဖို့
လူသားနှစ်မျိုး ရှိသည့်ထဲက
ကရက်သားမြဲ မှုသာစွဲလမ်း
သားရဲကြမ်းကြုတ် စားကြူးတုတ်တုတ်
လူယုတ်ပေဟု ဆိုပေတည်း ။


သို့ပါသော်လည်း ငါတို့သည်ကား
နွယ်တော်သားပင် ဘုရားမျိုးပေ
ဖြစ်ကြလေရာ ဆန့်ကျင်ထွေလာ
အနေမမြဲ ယာယီတဲထဲ
လူအဖြစ်နဲ့ တခဏသာ
အသက်ရှင်ရလည်း သင်၏အသက်
သခင့်ဌါသာ ဝှက်ထားသည်မို့
အသက်ဆက်သခင် ကျေးဇူးရှင်အား
ပုံသွင်းအစေခံ ဆက်ကပ်မည်ဟု
အားအင်ယူလျှက် မာန်အပြည့်နဲ့
ငှါမောင်ကြွေးကြော် နှုတ်မြွက်လေတော့ ။

ကားတိုင်ကိုသာ စေ့စေ့မျှော်ကာ
မယောင်မလှဲ သက်ဆုံးတိုင်အောင်
သစ္စာရှိစွာ အမှုဆောင်ပါလေ ။ ။
(( အမှုတော်ဆောင် မောင်ငယ်အား ဂုဏ်ပြုလျှက် – ))
**ဆွေးရင့်ခိမ်း** ( ခေတ္တ ကမ္ဘာမြေ ) ))

# သို့ -- မေမေ (၁၀)

အမေ –
အမေ ဖြစ်စေချင် တာက ဒေသနာ ဆရာ
သားက ငွေ အသပြာရှာ
အမေကို သား အာခံခဲ့တယ်။
မလေးစားတဲ့သား အရေးမထားတဲ့ သား
အတွေးမှားတဲ့သား အကြွေးများတဲ့ သား
ခလုတ်ထိတော့
အမိ တ ပြီပေါ့။
ဒီနေရာမှာ
အမေ အော်လို့လဲ မရ
သရေ ခေါ်လို့လဲ မရ
အရှေ့တိုးရင် ထမ်းပိုး
အနောက်တိုးရင် ငွေအတိုး
မလှုပ်သာ မလှုန့်သာ ဖြစ်နေတဲ့ သား ဟာ
ငါးကြီး ဝမ်းဗိုက်ထဲက "ယောန"ပေါ့ အမေရယ်။

အမေ –
ပြီးခဲ့တဲ့ ဆန်းဒေး
သားက ဘုရားကျောင်းထဲ
အဝတ် ကောင်းကောင်း ၊ အပြော စောင်းစောင်းနဲ့
သူတော်ကောင်းပေါ့ အမေရယ်။
ဒါပေမဲ့ –
ရောက်ချင်ရာ ရောက် ၊ သောက်ချင်ရာ သောက်
ကောက်ချင်ရာ ကောက် ၊ မှောက်ချင်ရာ မှောက် နေလို့
သူငယ်ချင်း တစ်ယောက်က သားကို "ဖာရိရှဲ"တဲ့ ။
အမေ –
ဒီနိုင်ငံမှာ တိုင်းတပါးသူတွေ ပေါတယ်။
အပျော် သဘောဘဲ ဖြစ်ဖြစ် ၊ အဖော် သဘောဘဲ ဖြစ်ဖြစ်
တွဲချင်လဲ ရတယ်၊ ခွဲချင်လဲ ရတယ် ။
နည်းနည်းတော့ မွဲတာပေါ့ အမေရယ် ။
ဒါပေမဲ့ –
အပွဲပွဲ နွှဲခဲ့သမျှ
ဒီတစ်ခါတော့ အလဲလဲ အကွဲကွဲ
အစာကြောင့်လား ၊ တဏှာ ကြောင့်လား ။
သောကတွေ ရင်မှာပိုက်
ဒေါသတွေ လောင်မြိုက်နေတဲ့ သား ဟာ
"ရှံဆုန်"လို ဆံပင် အဖြတ် ခံလိုက်ရတယ် ။
အမေ –
အမြင့်ကို မှန်းဖို့အတွက်
သား နင်းခဲ့တာ မယုံကြည်သူတွေ
အသစ်ကို လှမ်းဖို့အတွက်
သား ခင်းခဲ့တာ တပါးအမျိုးသားတွေ
အလင်း မဖြစ်တဲ့ သား ၊
သတင်း မဖြစ်တဲ့ သား ၊
သူတို့တွေ အတွက်တော့
အတင်း ပြောစရာတစ်ခုပေါ့
ခွင့်လွှတ်ပါ အမေရယ်။ ။



**SAW A, THAW**